

ဉာဏ်ဝင်းစာပေ
လုံးချင်းဝတ္ထုသစ်
ပန်းသခိုင်
အချစ်မြို့မှလိုက်လုံနွေးထွေးစွာကြိုဆိုပါ၏
ပန်းချီ သိန်းရွှေကြည်
2007

မင်းနဲ့တွေ့မှ… ကိုယ့်ဘဝက

ပျားရည်နှံ့ထဲ ကျသွားခဲ့တာပါ…

ရှန်းလေ နစ်လေ..မို့

နစ်သထက်နစ်အောင်

ရှန်းသထက် ရှန်းမှာပါ

မင်းရဲ့ချစ်ခြင်းမှာ

ကိုယ့်ဘဝတစ်ခုလုံး

နစ်ဝင်မျောပါနေရတာ ကို

ကိုယ်အရမ်း ကြည်ဖြူပါတယ် ချစ်သူကလေးရယ်

**ဖြိုးလျှံဘကိုး**

ချစ်သူ…..

မင်း မကြွင်နာတော့ရင်

ကိုယ့်အသက်မရှင်ချင်တော့ဘူး

**"သော်တာဆန်းစ"**

"ဆိုမယ်… ဆိုမယ်၊ ရပြီ တီးတော့"

“ညဥ့်နက်နေပြီဟ”

“ညဥ့်နက်တော့ ဘာဖြစ်လဲ”

“ပတ်ဝန်းကျင် အားနာစရာကြီးဟာ”

“အမယ်..မယ်၊ အခုမှ သူတော်ကောင်းယောင်ဆောင်နေတယ်၊ မသိဘူးမှတ်လို့လား။ ဒီအချိန် ဆို မကြည်ဖြူ စာကျက်နေမလားဆိုပြီး နင်မနှောင့်ယှက်ချင်တာမဟုတ်လား”

သော်တာဆန်းစ စကားကြောင့်နေမင်းဆန်းမျက်လုံး ရဲကနဲဖြစ်သွား၏ ။

“ဘာမှမဆိုင်ဘူး”

ဆံပင်ရှည်ရှည် ဆေးကျောင်းသူကို သူလုံးဝမမှန်းရဲပါ။ သူက စတိုင်တစ်မျိုး။

ကြည်ဖြူသာက သူနှင့်မလိုက်ဖက်။ မတန်မရာပါ။ သူ့ကိုလည်း လုံးဝစိတ်ဝင်စားမှာ မဟုတ်။

“ရှက်ရမ်း မရမ်းနဲ့၊ ဒါဆိုတီး ငါမတီးတက်လို့ နင့်ကို ဂစ်တာတီးခိုင်းတာ ဈေးကိုင်လိုက်တာ၊ ငါဂစ်တာတီး သင်မယ်၊ တက်သွားရင် နင့်ကို အောက်ကျနောက်ကျ မခံဘူး”

“သင်.. သင်၊ မြန်မြန်သင်ပါလား”

နေမင်းဆန်းက အော်ပစ်သည်။

သူ့ဟာသူ အခန်းတံခါးပိတ်ပြီး ဂစ်တာတီးသီချင်းဆိုနေတာအကောင်းသား။

သော်တာဆန်းစ ရောက်လာမှပဲ ခြံရှေ့ မရမကခေါ်ကာ လမ်းပေါ်ထွက်တီးခိုင်းသည်။

“ကဲပါ… ငါနှစ်ပုဒ် သုံးပုဒ်ပဲ ဟစ်မယ်။ အိမ်ထဲမှာဆိုရတာ မွန်းကြပ်ကြပ်ကြီး ဒီမှာက ကောင်း ကင်ကြီးကိုမော့ကြည့်ပြီး လမင်းကြီးကိုမော့ကြည့်ပြီး လမင်းကြီးအောက်မှာ ဆိုရတာ ဘယ်လောက်သာယာလဲ”

သော်တာဆန်းစပြောတာ မှားတော့မမှားပါ။ သို့ပေမယ့် ညမိုးချုပ်ကြီးဆိုတော့ အနီးအနားက ခြံတွေကိုအားနာစရာပါ။

“ကဲပါ.. ဂစ်တာတီးတော့”

နေမင်းဆန်းစက သော်တာဆန်းစကို လက်မြှောက်အရှုံးပေးပြီး ဂစ်တာတီးပေးရတော့သည်။ “TEENS” ဆိုတာ ‘ချစ်မှာပဲ’ သီးချင်းကလေးပါ။ သော်တာဆန်းစက စိတ်ပါလက်ပါဆို၏ ။

**မင်းရဲ့အကြောင်းပဲ တွေးနေတာ**

**ငါ့ရဲ့စိတတို့ ရှုပ်ယှက်သွား**

**ဘာကြောင့် မင်းက ဆိုးနေတာ**

**အဆိုးလေးမို့ ချစ်ခဲ့တာပါ။**

**မင်းကလုံးဝ မသိနိုင်တယ်**

**သတိတော့ ထားမိဖို့ ကောင်းပါတယ်**

**မင်းကလေးတစ်ယောက်ရဲ့ အပြုအမူတွေ**

**အလွန်အကျွံဖြစ်လို့ မရပ်တန့်နိုင်တော့**

**လူတွေပြောပြော မကောင်းဖူးလို့ ချစ်မှာပဲ**

**ငါကမင်းအတွက် အမြဲရှေ့ကချစ်မှာပဲ**

နင်လေ လုံးဝ ဂရုမစိုက်လည်း ချစ်မှာပဲ

ဘယ်လိုမှ ထုတ်မရလို့ ချစ်မှာပဲ

ငါကြောင့် မင်းလေး စိတ်တိုမလား

ငါကြောင့် မင်းလေး စိတ်တိုမလား

လွတ်လပ်ပျောက်ကုန်လား

အကြောင်းမဲ့ အနှောင့်အယှက် မပေးချင်ပါ။

ငါကတော့ အမြဲတမ်း ချစ်နေမှာ

အိပ်မက်ထဲ ငါ့အကြောင်းတွေးနေရင်

မိုးလင်းလို့သွားလည်း မနိုးစေချင်

စိတ္တဇဖြစ်တဲ့ ငါ့ရဲ့အချစ်

နင်မလိုချင်တော့လည်း မထားခဲ့ပါနဲ့

လူတွေပြောပြော မကောင်းဘူးလို့ ချစ်မှာပဲ

ငါက မင်းအတွက် အမြဲရှေ့က ချစ်မှာပဲ"

ဂစ်တာသံနှင့် သီချင်းသံကြားတော့ လေးငါးခြံကျော်က အောင်သက်တို့ တစ်အုပ်စု ထွက်လာ ကြ၏ ။

"သော်တာဆန်းစတို့စီ လျှောက်လာပြီး ဝင်ထိုင်ကြသည်။"

အခုမှ အုပ်စုတောင့်ကာ ပိုပြီး စိုပြေသွား၏ ။

လမ်းဘေးက ဂစ်တာဝိုင်းကလေးမှာ သီချင်းဆိုရတာ လွတ်လပ်ချိုမြိန်သည်။

သည့်အရသာကို ခံစားဖူးမှ သိမှာပါ။

“စိတ်ညစ်ရတဲ့ နေ့တွေမှာ

မင်းလေး ငါ့အနားရောက်လာပါ

အဆိုးဝါးဆုံး မဖြစ်နိုင်ပါ

ရင်ထဲက အလင်းများပေးချင်တာ

ရုတ်တရက် ဖုန်းကလေးထမြည်ရင်

မင်းဆက်တဲ့ ဖုန်းလေးပဲ ဖြစ်စေချင်

ပြောတက်တဲ့ စကားလေးများ အပျင်းပြေပဲ

ဒီလိုအချိန်မှာ ငါ အမြဲစောင့်နေဆဲ…

လူတွေပြောပြော အကောင်းဘူးလို့ ချစ်မှာပဲ

ငါကမင်းအတွက် အမြဲရှေ့ကချစ်မှာပဲ

နင်လေလုံး၀ ဂရုမစိုက်လည်း ချစ်မှာပဲ

ဘယ်လိုမှ အစားထိုးမရလို့ချစ်မှာပဲ

သော်တာဆန်းစ တစ်ပုဒ်ဆိုပြီးတော့ အောင်သက်က တစ်ပုဒ်ဆိုသည်။ ပြီးတော့ နောက်တစ် ယောက်က တစ်ပုဒ်ဆိုသည်။

ပြီးတော့ တစ်ဖွဲ့လုံး တစ်ပုဒ်ဆိုသည်။

ပြီးတော့ နေမင်းဆန်းစနှင့် သော်တာဆန်းစက တစ်ပုဒ်အတူတူဆိုကြသည်။

အရမ်းပျော်စရာကောင်းသည်။ အချိန်တွေ ကုန်လို့ ကုန်မှန်းမသိပါ။

သီချင်းဆိုကောင်းတုန်းမှာ ပဲ ကြည်ဖြူသာ၏ ဖခင် ဦးသာဦးထွက်လာ၏ ။

သော်တာဆန်းစက နှာခေါင်းလေးရှုံ့သည်။

သွားပါပြီ။ အပျော်တွေ ပျက်စီးကုန်ပြီ။

သည်အဘိုးကြီး ခြေလှမ်းတွေက
သော်တာဆန်းစတို့ကိုလာရောက်အားပေးတာ လုံးဝမဖြစ် နိုင်။

တစ်ပုဒ်နှစ်ပုဒ် ဟစ်ဖို့ လာတာလည်း မဟုတ်နိုင်။

နေမင်းဆန်းစ ဂစ်တာတီးရပ်လိုက်၏ ။

"သားတို့ သမီးတို့"

"ဟုတ်ကဲ့"

ကြည့်.. နေမင်းဆန်းစ ဦးသာဦးကိုဆို ရိုသေလိုက်ပုံများ
မတ်တပ်ရပ်ပြီးသား မျက်နှာအောက် ချပြီးသား။

"မနက်ဖြန် ဦးသမီး စာမေးပွဲဖြေရမှာ ဗိုင်နယ်စာမေးပွဲဆိုတော့
အရေးကြီးတယ်လေ။ မင်းတို့ ဟိုဘက်နည်းနည်းရွှေ့ပြီး တီးကြဆိုကြရင်
ဖြစ်မလား"

သော်တာဆန်းစ မျက်နှာလွှဲနေ၏ ။

မကြည်ဖြူသာကို ခင်ပေမယ့် သူ့ဖေဖေဦးသာဦးကို ကြည့်မရ။

အထူးကုမကလို့ ဘာကြီးပဲဖြစ်ဖြစ်

သို့ပေမယ့်...

"ကျွန်တော်တို့ ပြီးပါပြီ ခင်ဗျ"

ဟု နေမင်းဆန်းစက ယတိပြတ်ပြောလိုက်သောအခါ သော်တာဆန်းစ

ဘာမှ မတက်နိုင်ဘဲ ခြေဆောင့်လျှောက်ကာ ခြံတံခါးကို
ဆောင့်တွန်းဖွင့်ပြီးဝင်လာခဲ့၏။ နေရာတကာ ဝင်ပါစွက်ဖက်ချင် လွန်းသည်။

***

နီနီးကပ်ကပ် မြည်နေသော နာရီနိုးစက်သံကို မျက်လုံးပိတ်လျက်သားနှင့် နားငြီးသွားမိရင်း ဘေးနားရှိနေသော နာရီကို လက်နှင့်စမ်းကာ မြန်မြန်ပင် အလမ်း(Alam) ပိတ်လိုက်၏ ။

သည်နှိုးစက်သံကို မုန်းမိတာ အမှန်ပါ။

သို့ပေမယ့် သည်အသံလေးမှ မကူညီလျှင် အနည်းဆုံး ရှစ်နာရီလောက် ဖြစ်သွားလိမ့်မည်။ သည်တော့လည်း သည်နာရီသံလေးကို ကျေးဇူးတင်မိ၏ ။ ကိုယ့်ကိုအိပ်ပုပ်မလေးအဖို့ နာရီနှိုးစက်သံ လေးက မရှိမဖြစ်။

တစ်ချက် အပျင်းဆန့်ကာ ကမန်းကတန်း ခုတင်ပေါ်က ခုန်ဆင်းလိုက်ရ၏ ။

ရေချိုးခန်းဝင် ကိုယ်လက်သန့်စင်ပြီး ပြန်ထွက်လာတော့မှပဲ မီးချောင်းဖွင့်သည်။

ပြတင်းတံခါးကို ဖွင့်ကာအပြင်ဘက်က လေအေးကို တဝရှူရှိုက်မိ၏ ။

ပြတင်းမှာ ခဏငေးနေပြီးမှ အောက်ဘက်သို့ ဆင်းခဲ့သည်။ တစ်အိမ်သားလုံ အိပ်မောကျနေ ဆဲပါ။ မီးဖိုခန်းမီးကို အရင်ဆုံးဖွင့်လိုက်ပြီး ဓာတ်ဗူးထဲ ဖြည့်ထားပြီးသား ရေနွေးနှင့်ကော်ဖီဖျော်ကာက မန်းကတန်းသောက်မိ၏ ။

ပြီးတော့ အခန်းထဲဝင် အဝတ်အစားလဲသည်။

အနီရောင်မှာ အဖြူအစင်းပါသော

ထရက်စု(အားကစားဝတ်စုံ)နှင့်ကင်းဘတ်ရှူးကိုစီးပြီးလျှာပါ သော ဦးထုပ်အဖြူကလေးကို ဆောင်းမိ၏ ။

ဆံပင်ဖြောင့်ဖြောင့်စင်းစင်းလေးတွေကို ခေါင်းစည်းကွင်းနှင့် စည်းထားလိုက်၏ ။

ပိုက်ဆံအိတ်ကိုအကျႌအိတ်ထဲ ထိုးထည့်လိုက်သည်။ ပြီးပြီ။ သိပ်ပြီး ရှုပ်ထုတ်စရာမလို။

ပြင်ဆင်ပြီး ခြံပြင်ဘက်ရောက်လာသော စပြေးခဲ့မိသည်။

တစ်ယောက်ယောက်ကို မထိတထိစနေ နောက်နေရလျှင် သူမပျော်သည်။

အပြင်မှာစစရာ လူမရှိတော့ဘူးဆိုလျှင် အိမ်ကလူတွေကို စမည်။

ဖေဖေက ဘယ်တော့မှ စိတ်မဆိုးတက်။ ကိုကိုကတော့ သူသွားစလျှင် မခံမရပ်နိုင်စွာ ပြန် အော်ငေါက်သည်။

သို့ပေမယ့် သူမပျော်သည်။

ကိုယ်ကနောက်တာပြောင်တာ ရယ်ကာမောကာနှင့် ပျော်ပျော်နေသည်။

ခုလည်းပဲ အိမ်ကထွက်ကတည်းက ပျော်ရွှင်နေမိတာမို့ လမ်းပေါ်ရောက်တော့လည်း ပြေးနေရ တာ မောသည်ပင်မထင်။

"ဟော့.. ဖြည်းဖြည်းပြေးလေ"

"မြန်လိုက်တာ စောင့်ပါဦး"

"အရမ်းချစ်ဖို့ကောင်းတယ်"

ဘေးကအသံတွေ ထွက်လာမှပဲ ကောင်လေးတစ်စု ယှဉ်ပြေးလိုက်လာတာ သတိပြုမိ၏ ။ သူမ မျက်လုံးလေး ရှုံ့သွားရ၏ ။

ကိုယ်အရှိန်လျှော့တာနှင့် သူတို့လည်းအ ရှိန်လျှော့ပြီးတော့ ဘေးနားက မခွာဘဲ တစ်ယောက် တစ်ခွန်းလျှောက်ပြောနေ၏

သည်ကောင်လေးတွေ အပျော်ပြေးနေကြတာလား အမှန်တကယ် စိတ်ပါလက်ပါ လေ့ကျင့်နေ သူတွေလား။

ကြည့်ရတာ တော့ ကောင်မလေးတစ်ယောက်တည်း မြင်တိုင်း ကပ်လိုက်နေကျ ပုံစံလေးတွေ။ မျက်နှာလေးတွေက ရယ်ကျဲကျဲနှင့် အရုက်နည်းမည့်ပုံလေးတွေဟု တွေးရင် ရယ်ချင်လာ၏ ။

“ချစ်သွားပြီကွာ”

“နာမည်လေးသိပါရစေ”

“ဘယ်အထိပြေးမှာလဲ၊ စိတ်မချလို့”

“စိတ်မချရအောင် ရှင်နှမလား”

သူမဆီက တုံ့ပြန်စကားကြားတော့ အားတက်သွားပုံဖြင့်..

ဟုတ်တာပေ့ါ နှမလေးလိုသဘောထားပြီး စိုးရိမ်တာ

“အောင်မာ”

“မင်းကလည်း နှမမှမဟုတ်ဘဲ”

တစ်ယောက်တစ်ခွန်းပြောပြီး ရယ်ကြ၏

သူတို့ရယ်သံတွေက သူမကို ပေ့ါပါးသွားစေသည်။ သူမက တခြားကောင်မလေးတွေလို မဟုတ်။

ကောင်လေးတွေရှေ့မှာ ရှက်သလို ကြောက်သလို တွန့်ဆုတ်သလိုနှင့် အိုက်တင်မခံတက်။ ပဲမများတက်ပါ။ ယောကျ်ားလေးသူငယ်ချင်းလည်း များသည်။

ကောင်လေးတွေ စိတ်ကို နည်းနည်းတော့ နားလည်နိုင်၏ ။

မရိုးမသားနှင့် စိတ်လှုပ်ရှားနေတာ မျိုး မရှိတော့။

သူတို့လိုက်စနေကြတာကို ရယ်ချင်တာ ပြန်နောက်ချင်တာပဲရှိသည်။

တခြားမိန်းကလေးဆို သူတို့က ဘာဘာညာညာဘေးကပြောလျှင် မသိချင်ယောင်ဆောင်ကာ ခပ်တည်တည်လေးလုပ်နေမှာ။

သူမကတော့ လူကိုကြည့်ကာ ရိုင်းစိုင်းကောက်ကျစ်မည်ပုံမဟုတ်လျှင် ကိုယ်လည်းပြန်စကာ ပြောတက်သည်။

တချို့က ငါကိုအထင်သေးနိုင်သည်ဆိုတော့ သူမသိပါသည်။

သို့ပေမယ့် သူမကိုယ်တိုင်က ဘာမှဖွဲ့နွဲ့ထိန်းချုပ်မနေချင်။ လွတ်လွတ်လပ်လပ်နှင့် ကိုယ်မှန် တယ်ထင်သမျှ အရာတွေကို မတွန့်မဆုတ် လုပ်နေရမှ ကျေနပ်သည်။ ခေါင်းမာသည်။

ခုလည်း ကိုယ့်ကိုတစ်စုံတစ်ရာ ထိခိုက်နစ်နာစေတာမှ မဟုတ်ဘဲ။

ပါးစပ်ကလေးနဲ့ပြောရုံပြောတာ။

ပြီးတော့ ကြမ်းတမ်းသော စကားမျိုးလည်း ဟုတ်မှ မဟုတ်တာ။

သူတို့ကို အပြစ်မမြင်။ ဘယ်လိုမှလည်းမ နေ။

“နာမည်လေးပြောပြပါ”

“ရှင်တို့က ဘယ်အထိ ဒီလိုပုံစံနဲ့ လိုက်မလို့လဲ”

“အိမ်အထိ”

“အမယ်”

“တကယ်ဗျ။ အိမ်အထိ လိုက်မှာ”

“လိုက်လိုက်အခုသူငယ်ချင်းတွေဆီ သွားနေတာ”

"တကယ်လား"

"တကယ်ပေါ့"

"မမနာနည် သော်တာဆန်းစ မဟုတ်လားသိသားပဲ"

"ဟုတ်ပ့ါ။ သိနေရင်လည်း ဘာလို့ လိုက်လာတာလဲ"

"မမက သဘောကောင်းလို့"

"အပျော်သက်သက် ပြေးနေတာလား"

"ကျန်းမာရေးအတွက်"

"အလဲ့... တယ်ဟုတ်ပါလား။ ကောင်မလေးတွေ တွေ့ရင် လိုက်ဖို့ မဟုတ်ဘူးလား"

"ဟဲ.. ဟဲ.. ဒါကတော့ နှစ်ခုလုံးပေါ့"

"တို့ကိုပစ်မှတ်ထားရင် မှားမယ်။ ချစ်သူရှိပြီးသားရှင်"

တစ်ယောက်က ဟာ ဟု ရေရွတ်နောက်ဆုတ်သွား၏ ။

သူမက ခပ်တည်တည်နှင့်ပြောတာကို တစ်ယောက်ကတော့ မယုံပါဟုဆိုသည်။

သူမဘေးရောက်နေသေ ချာတိတ်ကတော့....

"ကျွန်တော်မှာလဲ ချစ်သူရှိတယ်"

ဟု အရှုံးမပေးဘဲ ပြန်ပြော၏ ။

"ဟုတ်လား... ဒါဆို အတူတူပေါ့။ ကဲဆက်ပြေးရအောင်"

ပြောပြောဆိုဆို သူမကစပြေးတော့ သူတို့လည်း ရယ်သံဆူညံစွာနှင့်ရှေ့ဆင့်နောက်ဆင့် ပြေး လာကြသည်။ ရယ်သံဆူညံစွာနှင့်

ရှေ့ဆင့်နောက်ဆင့်ပြေးလာကြသည်။ အိမ်ကထွက်လာ တုန်းက တစ်ယောက်တည်းပေမယ့် ခုတော့ အစုအဖွဲ့လေးဖြစ်သွားရ၏ ။ လူငယ်ချင်းမို့ တစ်ခဏနှင့်ရင်းနှီးအဖွဲ့ကျသွား၏ ။

ဘာအန္တရာယ်မရှိနိုင်ပါ။ ကောင်လေးတွေက ရိုးရိုးသားသား။ သူတို့ကိုယ်ကိုအထင် သေးမှာလားလည်းတွေးမနေပါ။

“မမ.. ခဏနားမယ်ဗျာ”

“ဘယ်ဖြစ်မလဲ”

“ဗိုက်ဆာပြီ ဆက်မပြေးနိုင်တော့ဘူး”

“ဟယ်တော့”

ကောင်လေးတစ်ယောက်က မရဲတရဲ

“တစ်ခုခု သွားစားရအောင်”

ဟုခေါ်သည်။

“ခင်နေပြီပဲဗျာ လိုက်ခဲ့ပါ”

“ဘယ်မှာ သွားစားမှာလဲ”

“ရှေ့ကလမ်းထိပ်မှာ လက်ဖက်ရည်ဆိုင်ရှိတယ်။”

သူမလည်းဗိုက်ဆာနေပြီမို့ ခေါင်းညိတ်လိုက်၏

အားလုံးသဘောတူစွာ ဖွင့်ကာစလက်ဖက်ရည်ဆိုင်ကလေးထဲ ဝင်လာခဲ့ကြ၏ ။

“ထမင်းကြော်တစ်ပွဲ၊ ကြက်ဥကြော်နှင့် ပဲပြုတ်နဲ့”

မုန့်မှာထားပြီး ကောင်လေးတွေနှင့် စကားတွေဘာတွေပြောနေမိသည်။

သူတိုကလည်း သူတို့အကြောင်းတွေပြောပြ၏ ။

သူမကိုကြည့်နေသောသူတို့မျက်လုံးတွေက ခင်မင်နှစ်လိုသည်။

ကောင်လေးတွေက ခင်ဖို့ကောင်းတာအမှန်။

ကွယ်ရာမှာ အတင်းအဖျင်းမပြောတတ်။ မနာလိုမဖြစ်တတ်။

ခဏလေးနှင့် ခုလို ခင်မင်အဖွဲ့ကျသွားတာသည်။ ချီမွမ်းစရာလား။ ကဲ့ရဲ့စရာလား သူမကတော့ ပကတိအရိုးခံသက်သက်။

ဘယ်သူကိုမဆို ခင်မင်ဖော်ရွေတက်သည်။ ကောင်လေးတွေကို အလွယ်တကူ ခင်မင်တက်သော သူမနှလုံးသားက ဘယ်တော့မှ အလွယ်တကူ လှုပ်ရှားတိမ်းညွတ်မှာ မဟုတ်။

သူမခုချိန်ထိ ရင်မခုန်တတ်သေးပါ။

ပကတိဖြူစင်ရိုးသားသော ဘဝကို ပိုင်ဆိုင်ထားသည်။

***

"ဟဲ.....ဘာလုပ်နေတာလဲ"

"အား...လန့်လိုက်တာ"

"ဘယ်လို့ ဒီအခန်းထဲ ရောက်နေတာလဲ"

"ဂျယ်ကုန်နေလို့ လာရှာတာပါဗျာ"

နေမင်းဆန်းက သော်တာဆန်းစကို လှည့်ကြည့်ကာ ပြောလိုက်၏ ။

"မသိပါဘူး။ ငါ့အခန်းထဲ ခိုးကြောင်ခိုးဝှက်ဝင်လာတော့ ဘာများလဲလို့

နေမင်းဆန်းက သော်တာဆန်းစကိုဘုကြည့်ကြည့်လာ၏ ။

နင်က ဘယ်သွားမလို့လဲ"

"ဘယ်သွားသွားပေ့ါ

"နင့်ဆံပင်တွေက ထောင်မထားလည်း လှပါတယ်။"

"လာမြှောက်မနေနဲ့၊ မခေါ်ဘူး"

"နေမင်းဆန်းစက သဘောပေါက်သည်။

"တနင်္ဂနွေနေ့ညဆို ကန်ဘောင်ပေါင်မှာ စွန်သွားလွှတ်နေကြ"

သော်တာဆန်းစက မရမက လိုက်နေကြပါ။

"လိုက်မှာပဲ ၊နင်နဲ့ငါနဲ့ မောင်နှမ၊ နင်လည်း မကြီး ဘူး ။ ငါလည်းမကြီးဘူး။ ဒီတော့ နင်သွားရင်"

သူတို့က အမြွှာမောင်နှမတွေပါ။

“”ညနေခင်းလေးများ တစ်ခါတစ်လေလောက်အိမ်မှာ နေပါဦးလား”ဟု သူမကရွဲပြောသည်

“နင့်အိမ်မှာ နေခဲ့”

“ဘာလို့ နေရမှာလဲ”

“သိပါတယ်။ လမ်းထိပ် ကော်ဖီဆိုင် စာအုပ်ဆိုင်က မမမလာတဲ့ရက်ကျရင် ပိတ်မယ်တဲ့”

“ဟင်…ဟင်”

ဟုတ်တာပြောတော့ ရယ်နေမိသည်။

“ပျင်းလို့ပါဟယ်”

“အဲဒါအသာထားပါဦး အခုနင်ဘယ်လဲ စွန်လွှတ်မလို့လား”

“ဘယ်လို့ ဒီလောက်စပ်စုနေတာလဲ”

နေမင်းဆန်းစက သူ့ဆံပင်ကို ရအောင်ထောင်ရင်း

“ဟုတ်တယ်။ စွန့်သွားလွှတ်မလို့”

ဟုဖြေ၏ ။

ဘယ်မှာသွားလွှတ်မှာလဲ… ဟဲ..ငါလိုက်မယ်။

သော်တာ့မျက်ဝန်းကလေးတွေက တောက်ပသွားရ၏ ။

စွန့်မလွှတ်တာ ဘယ်လောက်ကြာနေပြီလဲ။

“မိန်းကလေးတွေနဲ့ ဘာမှမဆိုင်ဘူး။…နေခဲ့”

သူ့အလှည့်ရောက်ပြီမို့ နေမင်းဆန်းက ခပ်မာမာတားမြစ်၏ ။

“ခဏလေးစောင့်ဟာ… ငါပါလိုက်ခဲ့မယ်။”

“ဘာလုပ်ဖို့လဲ မလိုက်နဲ့”

“ငါတစ်ယောက်တည်းသွားရင် မကောင်းလို့ နင်နဲ့လိုက်မှာ”

“လုံးဝပဲ။ နောက်လဲကျနေပြီ။ သွားမယ် အိမ်မှာပဲ နေစမ်းပါ။”

နေမင်းဆန်းက ယတိပြတ်ပြော၏ ။

“အင်းလေ… နင့်အကြောင်းတွေပဲ ပျင်းပျင်းနဲ့ မေမေကို တိုင်ပြောတော့မယ်”

“ဘာ”

“နင်မှမခေါ်တာ”

“နေမင်းဆန်း ခဏငြိမ်သွားကာ”

“အကြာကြီး စောင့်ရမှာပေါ့”

ဟု ထထစ်လျှော့လိုက်၏ ။ မေမေနှင့် တိုင်ပြောမှာ ကြောက်လို့ပါ။

“အမယ်လေး .. မကြာရေးချ မကြာ”

“သူငယ်ချင်းတွေ အများကြီးပါမှ”

“အဲဒီ သူငယ်ချင်းတွေများ ငါ့ကိုတစ်ယောက်မှ ပိုရဲတာမဟုတ်ဘူး”

နေမင်းဆန်း မျက်နှာပြုံးသွားကာ

“မပိုးရဲတာတော့ မဖြစ်နိုင်ဘူး။ စွာလို့ကြောက်တာနေမှာ”

“ဘာကြောင့်ပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး”

“ဒါဆို ခဏပဲစောင့်မယ်”

“အေး”

သူမဖြေသံလေးက တက်ကြွနေ၏ ။

ဂျင်းဘောင်းဘီတစ်ထည်နှင့် ခေါင်းစွပ်ပါသော တီရှပ်ကလေးကို ကမန်းကတန်းဝတ်ပြီး မှန်ထဲ ကြည့်ကာပြေးထွက်ခဲ့သည်။

မိဘတွေက သူမတို့ မောင်နှမနှစ်ယောက်ကို အလိုလိုက်သည်။ ဖေဖေရော မေမေပါ အရမ်း ချစ်ပြီး အရာရာ ပြည့်စုံစေရုံမက လွတ်လပ်မှုပါ အပြည့်အဝပေးသည်။

တော်ရုံကိစ္စလေးမှာဆို လွှတ်ပေးထားသည်။ မဆူမငေါက် မချုပ်ချယ်

ကိုယ့်သဘောကိုယ်ဆန္ဒနှင့် ကိုယ်ဆုံးဖြတ်

"မေမေ"ဟု အော်ခေါ်ရင် မေမေ့အခန်းထဲ ဝင်လာခဲ့၏

"အပြင်သွားတော့မလို့လား သမီး"

"ဟုတ်ကဲ့ … နေမင်းဆန်းလည်းပါတယ်။"

"အေး အေး"

မေမေပါးကို တစ်ချက်မွှေးလိုက်ပြီးမှ ထွက်လာခဲ့၏ ။ လှေကားဆင်းလာသော နေမင်းဆန်း က အိမ်ပြင်ထွက်ဖို့ တံခါးတောင် တွန်းဖွင့်နေပြီ။

သူ့လက်ထဲမှာ ရစ်လုံးနှစ်လုံးနှင့်

"မြန်မြန်လာလေ။ စွန်တွေ ကောင်းကောင်းကိုင်းပြကုန်မယ်"

"သိပါတယ်။ နင့်မရှည်ပါနဲ့"

ဧည့်ခန်းစားပွဲပေါ်က စွန်တစ်ထပ်ကြီးကို ကောက်ယူရင်း နေမင်းဆန်းဆီ မျက်စောင်းရွယ်မိ သည်။ပြီးမှ ကမန်းကတန်း အိမ်ပြင်ထွက်ခဲ့ရတော့၏ ။ ခြံပြင်မှာ ကားတစ်စီးရောက်နေပြီ။

သူ့သူငယ်ချင်းတွေပါမှာမို့လည်း နေမင်းဆန်းက မခေါ်ချင်တာပါ။ သော်တာဆန်းကတော့ ဘာ ကိုမှ ဂရုမစိုက်။

သူသူငယ်ချင်းတွေကို နည်းနည်းကလေးမှ ရှိုးတို့ရှန်းတန်း သရိုးသရီမဖြစ်မိပါ။

အာရုံထဲမှာကို မရှိတာပါ။ စိတ်ကူးထဲမှာ စွန်လွှတ်ချင်တာပဲရှိသည်။

***